# လုံထိုးကုန်းကျေးရွာ

# အင်ပူမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လုံထိုးကုန်းကျေးရွာ၊ အင်ပူမြို့နယ်

(အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | **၃** |
| | **လုံထိုးကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ အင်္ဂပူမြို့နယ်** | **၅** |
| | | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၉ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၉ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | **၁၀** |
| | (က) သီးနှံ စိုက်ပျိုးရေး | ၁၀ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | **၁၀** |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၁ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၂ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂ |
| **၆။** | **ပညာရေး** | ၁၂ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၃ |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | **၁၄** |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | **၁၅** |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | **၁၆** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | **၁၇** |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | **၅၇** |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | **၅၉** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံး သော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဇန်နဝါရီလ၊ ၂၀၂၅**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**လုံ့ထိုးကုန်းကျေးရွာ**

**အင်္ဂပူမြို့နယ်**

## လုံ့ထိုးကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ အင်္ဂပူမြို့နယ်



## လုံထိုးကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ အင်္ဂပူမြို့နယ်



# လုံထိုးကုန်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ချက်၊ အင်္ဂပူမြို့နယ်

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ချမ်းသာ | ကုန်သည်၊ သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ကား၊ သုံးဘီး၊ ရွှေ၊ ငွေ၊ လက်ဝတ်လက်စား၊ TV(စလောင်း) | ၄ | ၆.၇၇% |
| အလယ် အလတ် | သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ထော်လာဂျီ၊ လယ်ထွန်စက်၊ စပါး | ၁၃ | ၂၂.၀၃% |
| မပြေလည် | သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ ပျဉ်ခင်း၊ဝါးအိမ်၊ ဆိုင်ကယ် | ၃၀ | ၅၀.၈၄% |
| အလွန်မပြေလည် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင်၊ စက်ဘီး၊ ကျပန်း | ၁၂ | ၂၀.၃၅% |
| ပေါင်း | | ၅၉ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ- ကျား (၄)ဦး၊ မ (၃)ဦး

## လှံ့ထိုးကုန်းကျေးရွာ ရွာတွင်း ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ အင်္ဂပူမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လုံ့ထိုးကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၏ ကညွတ်ကုန်း ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တောင်မို့ပေါက် ကျေးရွာ၊ အနောက်ဘက်တွင် ရှားတောကျေးရွာ၊ မြောက်ဘက်တွင် စမ်းကုန်းကျေးရွာ၊ တောင်ဘက်တွင် ဘဲပြာကျေးရွာတို့ တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ စုပေါင်း နေထိုင်ကြပြီး အခြားတိုင်းရင်းသား လူမျိုးများ အနည်းငယ်နေထိုင်ကြသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လုံ့ထိုးကုန်းကျေးရွာ၏ ရာသီဉ တုမှာအပူအအေး မျှတပြီး စိုက်ပျိုးနိုင်သော သီးနှံများ ဖြစ်သည့် သံပုရာ၊ သရက်၊ ရှောက်ပန်း၊ ငှက်ပျောပင်များ စိုက်ပျိုးရန် ရေအရင်းအမြစ်နှင့် မြေဆီလွှာများ ကောင်းမွန်သည်။ စပါးစိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၇၀)ဧက ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာနယ်နမိတ်နှင့် အခြားကျေးရွာများတွင်လည်း ပိုင်ဆိုင်လုပ်ကိုင်ကြပြီး တောင်ယာများတွင်လည်း မတ်ပဲလုပ်ကိုင် ကြပါသည်။ တောင်သူအားလုံးမှာ လက်တူးတွင်း(တုံကင်)ကို အဓိကအားထား၍ စပါးစိုက်ပျိုး ကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ပရဟိတအဖွဲ့ (ကျား-၂ဦး၊ မ-၅ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သိုက်သိုက်ဝန်းဝန်းဖြင့် စည်းရုံးလုပ်ဆောင်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော် လည်း ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

လုံထိုးကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၄၀)စုရှိပြီး အများစုမှာ ကျပန်းလုပ်ကိုင်ကြပါသည်။ (၂.၅)ကေမှ (၅)ကေ ကြား တောင်သူငယ် (၁၆)အိမ်ထောင်စု၊ (၅)ကေမှ (၁၂)ကေကြား တောင်သူလတ်(၃)အိမ်ထောင်စုရှိပြီး လယ်ယာစိုက်ပျိုးရေး၊ ဈေးရောင်းဝယ်ရေးစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ စပါးစိုက်ပျိုးရေမှာ မိုးရေဖြင့်သာ အဓိကစိုက်ပျိုးကြပါသည်။ လုံထိုးကုန်းကျေးရွာတွင် လယ်ထွန်း ထွန်စက်(၂)လုံး၊ ရေစုပ်စက် (၃)လုံး ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများတွင် အဆိုပါ ကိရိယာများကို သုံးစွဲကြပါသည်။ လယ်သမား အများစုသည် ကျေးရွာပြင်ပမှ လယ်ထွန်စက်၊ ကောက်ရိတ်စက်များကို ငှားရမ်း အသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ် ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်း မဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးမျိုးစုံ ကျရောက်ပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အဓိကာအားထားပြီး သုံးနေရပါသည်။ မတ်ပဲခင်းများတွင်လည်း အဖျက်ပိုးမွှားများဆိုးဝါးစွာကျရောက်ပြီး ပိုးသတ်ဆေးများ အဓိကအားထားပြီး သုံးနေရပါသည်။ လယ်သမားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် တွက်ချေကိုက်ရန် လှုပ်ရှားရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာအတွင်း မွေးမြူရေးလုပ်ငန်းသည် စီးပွားဖြစ်မွေးမြူထားခြင်းမရှိပေ။ အိမ်တွင် တစ်နိုင်တပိုင်သာ မွေးမြူကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း

လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

လုံထိုးကုန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ အဖြစ် ကျပန်းလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်ကြသော မိသားစုများသည် အသက်မွေးဝမ်းကြောင်း နည်းပညာနှင့် အသေးစား၊ အလတ်စား၊ စီးပွားရေးဖွံ့တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျော့ညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာလိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်း အဖွဲ့လိုက် ငွေချေးသူများထံမှ(၂)ကျပ်တိုးဖြင့်ချေးယူနေကြရပါသည်။

ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချထားပေးရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာလူထုမှလည်း စီမံကိန်းရရှိရန် လိုအပ်လျက် ရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို အိမ်ထောင်စု(၁)မှ လုပ်ကိုင်ပြီး ကျေးရွာတွင်စက်ဘီး(၃၀)စီး၊ မော်တော်ဆိုင်ကယ်(၄၅)စီး၊ ထော်လာဂျီ(၃)စီးနှင့် နွားလှည်း(၃)စီးရှိပြီး ကွင်းကောက်စျေးသို့ သွားခြင်းလုပ်ငန်းများတွင် အသုံးပြုပါသည်။

ကျေးရွာအတွင်းလမ်းတွင် လူထုဗဟိုပြုစီမံကိန်းနှင့် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်ခဲ့ ပါသည်။ ယခုအခါ အဆိုပါလမ်းမှာ ချိုင့်ခွက်များဖြစ်နေပြီး အဆင့်မြှင့် တင်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အမာခံကျောက်ချော လမ်း (သို့မဟုတ်) ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် ရွာသူရွာသား များမှ လိုအပ်လျက် ရှိပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

လုံ့ထိုးကုန်းကျေးရွာတွင် ဆိုလာမီးကို အဓိကအသုံးပြုပြီး TV ကြည့်ခြင်းနှင့် မီးထွန်းခြင်းတို့ကို အဓိကထားအသုံးပြုကြပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

လုံ့ထိုးကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၈) လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ (၃၅) လုံး စသည်တို့ရှိပါသည်။ အင်တာနက် လက်လှမ်းမီမှု ရှိပါသည်။

## ၆။ ပညာရေး

လုံ့ထိုးကုန်းကျေးရွာရှိ ကျောင်းသားကျောင်းသူများအနေဖြင့် (အ.လ.က)ခွဲ ကညွတ်ကွင်းသို့ သွားရောက်တက်ကြရပါသည်။

ကျေးရွာတွင် စာမတတ်သူဦးရေမရှိပါ။ ဘုန်းကြီးကျောင်းထွက်နှင့် မူလတန်းအဆင့် စာတတ်သူ များပြားပြီး ၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်/ ကောလိပ်

တက်ရောက်နေသူများလည်း ရှိပါသည်။ ပညာရေးကို အားပေးသော ကျေးရွာဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူ ကျောင်းတက်နှုန်း မူလတန်းအဆင့် (၂၂)ဦး၊ အလယ်တန်း အဆင့်(၂)ဦး၊ အထက်တန်းအဆင့်(၇)ဦး၊ တက္ကသိုလ်/ ကောလိပ်အဆင့် (၅)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လုံထိုးကုန်းကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသည့် ကညွတ်ကွင်းနှင့်နီးသောကြောင့် သွားရောက်ကုသမှုခံနိုင်ပါသည်။ အရေးပေါ်အခြေအနေ များတွင် ကွင်းကောက်မြို့နှင့်နီးပြီး အလွယ်တကူ သွားလာနိုင်သောကြောင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပါ။

လုံထိုးကုန်းကျေးရွာတွင် သောက်သုံးရေအတွက်ကျေးရွာတွင်ရှိသည့် အဝီစိတွင်း များကို အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများ ကိုသာ အသုံးပြုကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လုံထိုးကုန်း ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ် လက်စား အိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ထိခိုက်ခံစားရ လွယ်ကူ နိုင်ပါသည်။

မိုးရာသီတွင် ရာသီပေါ်တုတ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းအကျဉ်းသာ ရှိပါသည်။ တိရိစ္ဆာန် ရောဂါများသည် ရာသီအကူးပြောင်း၍ ဝက်နာကျခြင်း၊ ကြက်နာကျခြင်းများ၊ နွား များတွင် အဖုအပိန့်များ ထွက်ခြင်းများ ရံဖန်ရံခါ ဖြစ်ပွားတတ်ပါသည်။ ထိရောက်စွာ ကာကွယ်နိုင်မှု မရှိသေးပါ။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

လုံထိုးကုန်းကျေးရွာ၏ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု မရှိပါ။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် အနေအထားကို နားလည် သဘောပေါက်ကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| **ကျေးရွာအုပ်စုအမည် – ကညွှတ်ကွင်းကျေးရွာအုပ်စု** | | | **ကျေးရွာအမည် – လှံထိုးကုန်းကျေးရွာ** | |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက်ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | **မှတ်ချက်** |
| ၁ | အခြေခံအဆောက်အဦး | ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း | ၂(၉၀၀ပေ **x**၂ပေ၆လက်မ**x** ၆လက်မ) | **ဦးစားပေး၁** |
| ၂ | အခြေခံအဆောက်အဦး | ဆေးပေးခန်း | | **ဦးစားပေး၅** |
| ၃ | လျှစ်စစ်မီး | လျှပ်စစ်မီးလင်းရေး | ၂၂၀၀ပေ | **ဦးစားပေး၂** |
| ၄ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား _အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | | **ဦးစားပေး၄** |
| ၅ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်စီမံကိန်း ရရှိအောင် ဆောင်ရွက်ခြင်း။ | **ဦးစားပေး၃** |

**နောက်ဆက်တွဲ (၁)**

## လှံ့ထိုးကုန်းကျေးရွာ၊ ကညွတ်ကွင်းကျေးရွာအုပ်စု ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးတင်ဆန်း | ဦးနီတာ | ၁၄/အဂပ(နိုင်)၀၉၄၁၇၂ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၆၉၈၆၁၈၂၁၇ |
| ၂။ | ဦးတင်ငွေ | ဦးထွေ | ၁၄/အဂပ(နိုင်)၁၀၁၃၉၈ | ၅၃ | အတွင်းရေးမှူး | မရှိပါ |
| ၃။ | ဒေါ်ခိုင်ချိုမော် | ဦးလှသိန်း | ၁၄/အဂပ(နိုင်)၂၃၀၈၉၇ | ၃၀ | အဖွဲ့ဝင်(ချက်) | ၀၉-၄၅၉၉၄၇၃၆၇ |
| ၄။ | ဦးလှထွေး | ဦးထွန်းတင် | ၁၄/အဂပ(နိုင်)၀၉၄၁၅၇ | ၃၁ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၄၂၁၉၆၁၈၈၅ |
| ၅။ | ဦးမောင်မြင့် | ဦးညီပု | ၁၄/အဂပ(နိုင်)၁၅၄၀၂၅ | ၃၆ | ဘဏ္ဍာရေးမှူး | မရှိပါ |
| ၆။ | ဦးဖုန်းနိုင် | ဦးစော | ၁၄/အဂပ(နိုင်)၂၂၆၅၈၀ | ၄၅ | စာရင်းကိုင် | ၀၉-၆၆၆၄၈၀၇၄၄ |
| ၇။ | ဒေါ်နီနီ | ဦးထွန်းမြင့် | ၁၄/အဂပ(နိုင်)၂၂၆၈၀၄ | ၃၇ | အဖွဲ့ဝင် | ၀၉-၆၆၆၂၉၃၃၅၉ |

**နောက်ဆက်တွဲ (၂)**

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅ | ၂ | ၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၂၀ | ၃၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၁၉ | ၃၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၈ | ၆၈ | ၁၁၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၁ | ၂၄ |
| **စုစုပေါင်း** | | **၁၀၃** | **၁၂၂** | **၂၂၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၅၉** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် (၁)နှစ်အောက်ကလေးများမှာ(၄)ဦးရှိပြီး (၅)နှစ် အောက် ကလေးများမှာ(၇)ဦးရှိပါသည်။ မူလတန်းကျောင်းနေအရွယ်ကလေး(၃၅)ဦးရှိပြီး အလယ်တန်း ကျောင်းနေအရွယ် (၃၉)ဦးရှိသောကြောင့် အနာဂတ်ထူးချွန်လူငယ်များ ပေါ်ပေါက်လာနိုင်ပါသည်။ မိမိတို့ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေသည် သက်ကြီးရွယ်အိုလူဦးရေထက် များပြားသောကြောင့် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးတက်အောင်မြင်အောင် လုပ်ဆောင်ရာတွင် ဖွံ့ဖြိုးမှုမြန်ဆန်ပါသည်။ ကျေးရွာ၏ ပျှမ်းမျှလူဦးရေမှာ (၂.၂၅%)ဖြစ်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၄၄ | – | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၆ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၇ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၈ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | **၅၉** | **၁၉၉** | **-** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေသည် ကျေးရွာရှိ လူဦးရေထက် ထက်ဝက်ခန့် လုပ်ကိုင်ကြပါသည်။ ဖွံ့ဖြိုးမှုအားနည်းသော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမားပန်းရံ လုပ်ငန်းများလုပ်ကိုင်ကြပြီး အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် ကြသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမျိုးသားများ၏ နေ့စားလုပ်အားခများမှာ (၁၀၀၀၀)ကျပ်မှ (၉၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးများ၏ လုပ်အားခများမှာ (၉၀၀၀) ကျပ်မှ (၈၀၀၀)ကျပ်ရရှိသဖြင့် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ ကွာခြားမှု ရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၇၀ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၇၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာတွင် လယ် (**၇၀**) ဧက ရှိပါသည်။ သရက်၊ ငှက်ပျော၊ ရှောက်ပန်းပင်များ စိုက်ပျိုးကြပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

## (၈-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းသည် ကွင်းကောက်မြို့နှင့် နီးသည့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အခက်အခဲမရှိပါ။ လုံထိုးကုန်း ကျေးရွာတွင် သဘာဝကျေးငှက် တရိစ္ဆာန် မျိုးစိတ် တစ်ချို့ကိုတွေ့ရှိနိုင်ပါသည်။ ဥပမာ(ရှဥ့်၊ ငှက်) တို့ကိုလည်းတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေနှင့် အထက် | ၁၀ကေအောက် | ၅ ကေအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ထော် လာဂျီ၊ လက်တွန်း ထွန်စက် | ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်း ထွန်စက် | လက်တွန်း ထွန်စက်၊ ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ ဈေး ဆိုင်၊ | စပါး | စပါး၊ ဆိုင်ကယ် ကယ်ရီ၊ဘေးတွဲ၊ ကုန်စုံဆိုင် | ကြုံရာကျပန်း |
| **အိမ်ထောင်စု** | **၇** | **၂၅** | **၁၇** | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ လုံ့ထိုးကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၇စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၂၅စု၊ ဆင်းရဲသောအိမ်ထောင်စု ၂၇စုနှင့် အလွန် ဆင်းရဲသော အိမ်ထောင်စု ၁၀စု ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်အရ မပြေလည်သော အိမ်ထောင်စုမှာ များစွာရှိသေးကြောင်း တွေ့ရှိရသဖြင့် စီးပွားရေးနှင့်အသက် မွေးဝမ်းကြောင်း လုပ်ငန်းများလည်း တိုးတက်မှု လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၃ | အခြားအစားပြောင်းလဲစား = ___________<br>အစားလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ______၈_____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ______၅______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ______၈_____<br>လုပ်အားခကြိုယူ = ______၅______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာတွင် ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ အိမ်ထောင်စု(၂၃)စုကို တွေ့ဆုံ လေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုများမှာ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်း တို့ဖြင့် ဖြေရှင်း နေကြရပါသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသက်ကြီးရွယ်အိုများ နှင့် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိကြောင်းတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်း ကျေးရွာသည် စားနပ်ရိက္ခာမဖူလုံမှု ပြဿနာသည် ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ် လက်စားအိမ်ထောင်စုများတွင် အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဓာတ်မြေဩဇာများကို အသုံးပြုခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှု အသင့်အတင့်ရှိပါသည်။ ကျန်သဘာဝဘေးအန္တရာယ်များ မရှိသလောက် နည်းပါး ပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လုံ့ထိုးကုန်း ကျေးရွာတွင် လက်လုပ်လက်စား၊ ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ် ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက် ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားတို့သည် အခြားဘေးအန္တရာယ် ကြုံတွေ့ပါက ထိခိုက် သက်ရောက်မှု နည်းပါးပါသည်။ နေရပ်ပြန်လည် အခြေချသော အိမ်ထောင်စုများ နည်းပါးပြီး ၎င်းအိမ်ထောင်စု များသည် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၂ | - | ၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရွာဦးကျောင်း ဂေါပကနှင့် အကျိုးတော် ဆောင် | ၁☐ ၂☐ ၃☐ | ၅ | ၅ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကာလသား အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁၀ | ၅ | ၁၅ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၄ | မီးသတ်အဖွဲ့ | ၁☐ ၂☐ ၃☐ | - | - | - | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၄ | ၃ | ၇ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | မိခင်နှင့် ကလေး | ၁☐ ၂☐ ၃☐ | - | - | - | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | အမျိုးသမီး ရေးရာ | ၁☐ ၂☐ ၃☐ | - | - | - | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင်မှု မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ကျောင်းသားမိဘများအနေဖြင့် ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထား ဆောင်ရွက်နေပါသည်။ ကာလသား၊ ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများမရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၆ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | - | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၆၈ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၃၉)စု ရှိပါသည်။။ ၁၂.၅ ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ (၃)ဦးသာရှိပြီး တောင်သူလတ် အရေအတွက် (၁၁)ဦး ရှိပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ ✓ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ ✓ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ ✓ |
| ၅ | အဝီစိတွင်း | ၃၀ | တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ✓ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | ၂၀ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ✓ မရှိ☐ မဖြေဆိုပါ ✓ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ ✓ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✓ | ရှိ☐ မရှိ☐ မဖြေဆိုပါ ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်း ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားပြီး နှစ်ရှည်ပင် ရှောက်ပန်းပင်နှင့် ငှက်ပျောပင်များအား ရာသီအလိုက် စိုက်ပျိုးသည့် တောရွာ ဖြစ်သည့် အလျောက် စိုက်ပျိုးရေးသာမက တစ်ရွာလုံးအတွက် အဝီစိတွင်းများမှ သောက်သုံးရေ လုံလောက်စွာ ရရှိသည့် ကျေးရွာဖြစ်ပါ သည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၅၀ | တင်း | ၅၀ | ၇၅ | ၆၀ | မေ | ဒီဇင်ဘာ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓နိမ့်☐ |
| မတ်ပဲ | ၃၀ | တင်း | ၇ | ၁၀ | ၈ | ဇန်နဝါရီ | မတ် | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၇၅)တင်းခန့်သာထွက် ရှိပါသည်။ မတ်ပဲကို ဇန်နဝါရီလမှ စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းပါသည်။ မတ်ပဲ အထွက်နှုန်းမှာ (၁)ဧကလျှင် ပျမ်းမျှ (၁၀)တင်းခန့်သာ ထွက်ရှိပါသည်။ ဓါတ်မြေဩဇာအပြင် သဘာဝ မြေဩဇာ နွားချေး မြေဆွေးအစရှိသည်များကို အသုံးပြုပါသည်။ စိုက်ပျိုးရေး နည်းပညာ များ လိုအပ်ပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | – | – | - |
| လက်တွန်းထွန်စက် | ၂ | – | – | - |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | - | – | – | - |
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | - | – | – | - |
| ရေစုပ်စက် | ၃ | – | – | - |
| ခြေနင်းရေတင်စက် | – | – | – | – |
| မြက်ရိတ်စက် | - | – | –– | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လုံ့ထိုးကုန်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ အလွန်နည်းပါးပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ✓ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ✓ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ✓<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံ စိုက်ပျိုးရေးအတွက် အဆင်ပြေခြင်း၊ မိုးရေဖြင့် အဓိကစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေး မြေသြဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေး ချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် ချေးယူနိုင်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ✔ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✓<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ✓ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✓ အနည်းငယ် ☐<br>မဖြေဆိုပါ ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ လယ်များတွင် နည်းပညာ အားနည်းသော ကြောင့် စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာများ လာရောက်ဝေမျှမည် ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်း ကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

## (ခ-၂) မွေးမြူရေးလုပ်ငန်း

## (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃ | ၅ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၃ | ၃ |
| ကြက် | ၃ | ၁၀ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လုံထိုးကုန်းကျေးရွာတွင် ကြက်၊ နွား၊ ဝက် မွေးမြူရေး တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့် ✓ မဖြေဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ✓ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ✓<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☐ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေ အသင့်အတင့်ရနိုင် ✓<br>မဖြေဆိုပါ ☐ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ ✓ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ✓ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✓ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐<br>မဖြေဆိုပါ ✓ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐<br>မဖြေဆိုပါ ✓ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✓ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ ✓ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ |

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✓ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ရေနှင့်ပတ်သက်သော အခက်အခဲများမရှိပါ။ ကွင်းကောက်မြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ်တကူ ရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝန်း အတွင်းမြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့်တစ်ပိုင်တစ်နိုင်မွေးနိုင်ခြင်းဖြစ်ပါသည်။

## (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ✓ |
| ရေရရှိမှု | ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ✓ |
